# Watakyu Group
# လိုက်နာကျင့်သုံးမှုဆိုင်ရာ လက်စွဲစာအုပ်

Watakyu Group
လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်

WATAKYU HOLDINGS

# Watakyu Group အခြေခံမူဝါဒများ

Watakyu Group ၏ အခြေခံမူဝါဒများ

ကျွန်ုပ်တို့သည် မူလအစတွင် ထားရှိခဲ့သော ခိုင်မာသော စိတ်ဓာတ်ကို အခြေခံ၍

- ဧည့်သည်များဆီမှ အလုပ်လက်ခံပါမည်။
- ကုန်ကြမ်းရောင်းချသည့်ဆိုင်များမှ ဝယ်ယူပါမည်။
- ပူးပေါင်းထားသော လုပ်ငန်းများကို အလုပ်လုပ်စေပါမည်။
- ကုမ္ပဏီမှ ဝန်ထမ်းများကို အလုပ်လုပ်စေပါမည်။

ဟူသော ကျေးဇူးတင်စိတ်နှင့် လေးစားသည့်သဘောထားတို့ဖြင့် ကိစ္စရပ်တိုင်းကို ကိုင်တွယ်ဆောင်ရွက်သော ကုမ္ပဏီယဉ်ကျေးမှုကို ဖော်ဆောင်ခြင်းနှင့်အတူ မည်သူမဆို စာနာစိတ်ရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လူတိုင်းမှ အားကျရသည့်ကုမ္ပဏီတွင် အလုပ်လုပ်ခွင့်ရသဖြင့် ကံကောင်းသည်ဟု တွေးနိုင်မည့် အဖွဲ့အစည်းဖြစ်ရန် ကြိုးစားပါမည်။

အထက်ပါအချက်များကို အခြေခံ၍ Watakyu Group ၏ ခိုင်မာသော အုတ်မြစ်ကို တည်ဆောက်ရန်အတွက် ကုမ္ပဏီဆောင်ပုဒ်ကို "စိတ်နှလုံး" ဟု သတ်မှတ်ပါသည်။

## အခြေခံမူဝါဒချမှတ်မှု၏ နောက်ခံ

အခြေခံမူဝါဒများကို Watakyu Holdings ဥက္ကဋ္ဌ ဖြစ်သည့် Mitsuji Ando မှ Watakyu Seimoa ဥက္ကဋ္ဌဖြစ်ချိန် 1998 ခုနှစ်၌ ချမှတ်ခဲ့ပါသည်။

ဤအကြောင်းအရာ၏ နောက်ခံတွင် Mr.Ando အရောင်းဌာနအကြီးအကဲဖြစ်ခဲ့စဉ်က အတွေ့အကြုံများ ပါရှိပါသည်။

တစ်နေ့တွင် ရုံးခွဲတစ်ခုသို့ သွားကြည့်နေစဉ်အတွင်း အနီးအနားရှိ စီးပွားရေးဆွေးနွေးခန်းမှ အလုပ်နှေးသော ဝန်ထမ်းနှင့်ပတ်သက်ပြီး "အလုပ်ထုတ်ခံရသင့်တယ်"ဟု ပြောသည့် ဝန်ထမ်းတစ်ဦး၏အသံကို ကြားလိုက်ရပါသည်။ တစ်ဖန် စီးပွားရေးလုပ်ဖော်ကိုင်ဖက်ထံမှ "Watakyu က ကြီးစိုးခြယ်လှယ်နေတယ်"ဟု ဝေဖန်ခံရသည်ကိုလည်း ကြားထားသည့်အတွက် Mr.Ando သည် လုပ်ငန်းချဲ့ထွင်ခြင်းနှင့်အတူ ဖြစ်ပေါ်လာသည့် လုပ်ငန်းအတွင်းကျင့်ဝတ်ပြောင်းလဲမှုများ၏ ပြင်းထန်သော အကျပ်အတည်းများ ခံစားခဲ့ရပါသည်။

Watakyu Seimoa ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ Mr.Kiyotsugu Murata နှင့်သူ၏မိခင် Mrs. Harue တို့သည် ဝန်ထမ်းများနှင့် ပေးသွင်းသူများကိုသာမက ကိစ္စအနည်းငယ်မျှဖြင့် ကုမ္ပဏီသို့လာရောက်ကြသော လုပ်ငန်းရှင်များကိုပါ "ကျေးဇူးပါ" "ကျေးဇူးတင်ပါတယ်" ဟု ခေါင်းငုံ့ပြီး နှိမ့်ချသောသဘောထားကို အလေးထားခဲ့ပါသည်။

Mr.Ando သည် "ကျေးဇူးတင်သည့်စိတ်" နှင့် "လေးစားသည့်သဘောထား" ဟုဆိုသည့် Mr.Kiyotsugu Murata နှင့် သူ၏မိခင် Mrs. Harue တို့၏ စိတ်ဓာတ်ကို မမေ့လိုသော ပြင်းပြသည့်ဆန္ဒဖြင့် "မူလအစတွင် ထားရှိခဲ့သော ခိုင်မာသော စိတ်ဓာတ်ကို အခြေခံ၍"ဖြင့် စတင်သည့် အခြေခံမူဝါဒများကို ချမှတ်ခဲ့ပါသည်။ ဤသည်မှာ ဧည့်သည်များအတွက်သာမက သက်ဆိုင်သူအားလုံးထံသို့ ကျွန်ုပ်တို့၏သဘောထားကို ပြသရန်အတွက် ဖြစ်ပါသည်။

# ဥက္ကဋ္ဌထံမှ အမှာစကား



သင်တို့အားလုံးကို ပထမဆုံးပြောချင်သည့်အရာမှာ လိုက်နာကျင့်သုံးမှုဆိုသည်မှာ ဥပဒေကို လေးစားလိုက်နာခြင်းမျှသာမဟုတ်ဘဲ ကျွန်ုပ်တို့တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ "ရိုးသားမှု" "ဖြောင့်မတ်မှု" "တရားမျှတမှု"တို့မှာ အခြေခံဖြစ်သည်ဟူသည့် အချက်ဖြစ်ပါသည်။ ဤအချက်များသည် ကော်ပိုရိတ်လုပ်ငန်းအနေဖြင့် ယုံကြည်မှုတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်ပြီး အနာဂတ်တွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မောင်းနှင်အားလည်း ဖြစ်ပါသည်။ ဤ "Watakyu Group လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်"သည် "Watakyu Group အခြေခံမူဝါဒများ"ကို လိုက်နာကျင့်သုံးရမည့်အချက်များအဖြစ် အသေးစိတ်ပုံဖော်ထားခြင်းဖြစ်ပါသည်။ နေ့စဉ်လုပ်ငန်းတာဝန်များထဲတွင် ဤအကြောင်းအရာများကို နားလည်သဘောပေါက်ထားပြီး လက်တွေ့ကျင့်သုံးခြင်းသည် ကျွန်ုပ်တို့ ရည်ရွယ်သည့် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုဆီသို့ ဆက်နွှယ်ပါသည်။

တစ်ဖက်တွင်လည်း မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းတွင် နည်းပညာဆန်းသစ်တီထွင်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့၏ တိုးတက်မှုများကြောင့် ကော်ပိုရိတ်လုပ်ငန်းများကို ဝန်းရံထားသော ပတ်ဝန်းကျင်ကို လျင်မြန်စွာ ပြောင်းလဲသွားစေပြီး မသေချာမရေရာမှုများ တိုးပွားလာခြင်းကြောင့် ပြဿနာအမျိုးမျိုးကို တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်လာစေပါသည်။ ဤအနေအထားတွင် ဥပဒေကို လေးစားလိုက်နာပြီး ကျင့်ဝတ်များကို ထိန်းသိမ်းကာ လိုက်လျောညီထွေ တုံ့ပြန်ဆောင်ရွက်ပြီး စိန်ခေါ်မှုအသစ်များကို ဆက်လက်လုပ်ဆောင်သွားရန် အရေးကြီးပါသည်။ ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်သည် ဆုံးဖြတ်ချက်ချရန် တွေဝေနေသောအခါများ၌လည်း မှန်ကန်သည့်အပြုအမူများကို ရွေးချယ်နိုင်စေမည့် လမ်းညွှန်ချက်အဖြစ်သုံးနိုင်သောအရာ ဖြစ်ပါသည်။ သေချာပေါက် အသုံးချပြီး အသိအမြင်အသစ်များရနိုင်မည့်နေရာအဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် ဆိုရှယ်မီဒီယာနှင့် သတင်းအချက်အလက်များတင်နိုင်မည့်နေရာများ အမျိုးအစားများစွာရှိလာသည်နှင့်အမျှ အပြောအဆိုများနှင့် အပြုအမူများ တစ်ခုချင်းစီတိုင်းသည် ကော်ပိုရိတ်လုပ်ငန်းပုံရိပ်အပေါ် သက်ရောက်မှုရှိကြောင်း သိထားပြီး သင့်လျော်စွာအသုံးပြုရန် နှလုံးသွင်းထားပါ။ သတင်းပေးပို့ခြင်းနှင့် မျှဝေခြင်းတို့ ပြုလုပ်ရာတွင်လည်း ပြောရခက်သည့်ကိစ္စများကို ဖုံးကွယ်မထားဘဲ ရိုးသားစွာ သတင်းပေးပို့ခြင်းသည် အဖွဲ့အစည်းအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်ပါသည်။

လိုက်နာကျင့်သုံးရန် ကြိုးပမ်းမှုများသည် တင်းကျပ်သင့်သော်လည်း လိုအပ်သည်ထက်ပို၍ ကျဉ်းကျပ်သည့် ပတ်ဝန်းကျင်မျိုးကို ဖန်တီးခြင်းမဟုတ်ပါ။ အရေးကြီးသည်မှာ အပြန်အလှန် လေးစားမှုရှိပြီး ယုံကြည်မှုရှိသော ယဉ်ကျေးမှုကို တည်ဆောက်ရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကုမ္ပဏီလုပ်ငန်းစုသည် "စိတ်ချယုံကြည်စွာဖြင့် အလုပ်လုပ်နိုင်မည့်ပတ်ဝန်းကျင်" ဖြစ်စေရန် အလေးထားပြီး ဝန်ထမ်းများအားလုံး အချုပ်အချယ်ကင်းစွာ ပြုမူနိုင်သော လုပ်ငန်းခွင်မျိုးကို ပေးအပ်ရန် ရည်ရွယ်ထားပါသည်။

တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ မှန်ကန်သော အပြုအမူများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ယုံကြည်မှုကို ရရှိနိုင်မည့် အကြောင်းအရင်းများဖြစ်ပြီး Watakyu Group ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ပေးမည့် ကြီးမားသော မောင်းနှင်အားတစ်ခု ဖြစ်လာမည်ဖြစ်သည်။ အားလုံးနှင့်အတူ "မျှော်လင့်ချက်များကို ကျော်လွန်သော တန်ဖိုးများဖန်တီးခြင်း" ကို အကောင်အထည်ဖော်သွားလိုသည်ဟု တွေးပါသည်။ နောင်တွင်လည်း သင်တို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို နှလုံးသားထဲမှ မျှော်လင့်နေပါသည်။

Watakyu Holdings Co., Ltd.
ဥက္ကဋ္ဌနှင့် CEO
Kiyokazu Murata

# မာတိကာ

**Watakyu Group လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်နှင့်ပတ်သက်၍...... 4**

ကျင့်သုံးရမည့် အတိုင်းအတာ

လိုက်နာကျင့်သုံးမှုဆိုသည်မှာ

**Watakyu Group ၏ အခြေခံမူဝါဒများနှင့် လိုက်နာကျင့်သုံးရမည့်အချက်များအကြား ဆက်နွယ်မှု...... 5**

**လက်တွေ့ကျင့်သုံးခြင်းအတွက် အဓိကအချက်များ...... 7**

အကျုံးဝင်သူများ

ခေါင်းဆောင်များတွင် လိုအပ်သည့်အရာများ

ချိုးဖောက်မိပါက

ဆုံးဖြတ်ချက်ချရန် တွေဝေနေပါက

စိုးရိမ်ဖွယ်ရာနှင့် ပြဿနာရပ်များကို သတိပြုမိပါက

ဆွေးနွေးသူ၊ တိုင်ကြားသူတို့ကို အကာအကွယ်ပေးခြင်း

**လိုက်နာကျင့်သုံးရမည့်အချက်များ...... 10**

01. ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ

02. မမှန်မကန်ယှဉ်ပြိုင်မှုကို တားမြစ်ခြင်း

03. လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာခြင်း

04. စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေး

05. အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်မှုကို တားမြစ်ခြင်း

06. လာဘ်ပေးလာဘ်ယူခြင်းနှင့် မသင့်လျော်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းတို့အား တားမြစ်ခြင်း

07. ဘေးကင်း၍ အလုပ်လုပ်ကိုင်ရလွယ်ကူသော လုပ်ငန်းခွင်ပတ်ဝန်းကျင်

08. ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်ခြင်း

09. သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှု၊ အခွန်တင်သွင်းခြင်းနှင့် သင့်လျော်သော သတင်းအချက်အလက် ထုတ်ဖော်ခြင်း

10. ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်း

11. ဉာဏပစ္စည်းပိုင်ဆိုင်မှု ကာကွယ်ထိန်းသိမ်းခြင်း

12. ကုမ္ပဏီပိုင်ဆိုင်မှုများကို ကိုင်တွယ်ခြင်း

13. လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများအပေါ် တုံ့ပြန်ဆောင်ရွက်မှု

14. လူ့အခွင့်အရေးကို လေးစားခြင်း

15. လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခြင်း

16. ပတ်ဝန်းကျင်အပေါ် တုံ့ပြန်ဆောင်ရွက်မှု

# Watakyu Group လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်နှင့်ပတ်သက်၍

ဤ Watakyu Group လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ် (အောက်တွင် လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်)သည် Watakyu Group အခြေခံမူဝါဒများ (အောက်တွင် အခြေခံမူဝါဒများ) ကို အသေးစိတ်ကျသော အပြုအမူများအဖြစ် ပြောင်းလဲဖော်ဆောင်ရန်အတွက် လမ်းညွှန်ချက်ဖြစ်ပါသည်။

Watakyu Group သည် လူ့အဖွဲ့အစည်း၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် တာဝန်များကို ကျေပွန်စေရန်အတွက် ဝန်ထမ်းများအားလုံးကို လေးစားလိုက်နာစေချင်သည့် လိုက်နာရမည့်အချက်များ 16 ချက်ကို ရှင်းပြထားပါသည်။




## ကျင့်သုံးရမည့် အတိုင်းအတာ

Watakyu Group မှ ကိုင်တွယ်ဆောင်ရွက်သော ကုန်ပစ္စည်းများ ဝန်ဆောင်မှုနှင့် လုပ်ငန်းနယ်ပယ်များသည် မျိုးစုံကွဲပြားလျက်ရှိပြီး အဆိုပါကုမ္ပဏီအသီးသီး၌ ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်နှင့်ကိုက်ညီသော သို့မဟုတ် ဖြည့်စွက်ထားသော လက်စွဲစာအုပ်များကို လိုအပ်သည့်အတိုင်း ရေးသားပြုစုရန် ဦးစားပေးအနေဖြင့် သတ်မှတ်ထားပါသည်။

## လိုက်နာကျင့်သုံးမှုဆိုသည်မှာ

လိုက်နာကျင့်သုံးခြင်းသည်အခြေခံအားဖြင့် “စည်းမျဉ်းများ လေးစားလိုက်နာခြင်း”ဟု အဓိပ္ပာယ်ရသော်လည်း Watakyu Group တွင်မူ လိုက်နာကျင့်သုံးခြင်းကို စည်းမျဉ်းများ လေးစားလိုက်နာခြင်းမျှသာမဟုတ်ဘဲ ကျင့်ဝတ်ရှိသော အပြုအမူများမှတစ်ဆင့် ဖောက်သည်နှင့် ကုမ္ပဏီတို့၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်ဟု ခံယူထားပါသည်။

Watakyu Group တွင် ကုမ္ပဏီတွင်းစည်းမျဉ်းများနှင့် စည်းကမ်းချက်အသီးသီးကို ချမှတ်ပြီး လေးစားလိုက်နာခြင်းအားဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေအားလုံး၌ ဥပဒေများကို လိုက်နာလျက်ရှိပါသည်။

ထို့အပြင် ဖောက်သည်နှင့် ကုမ္ပဏီတို့၏ မျှော်လင့်ချက်များအပေါ် ရိုးသားစွာဖြင့် ရင်ဆိုင်ဖြေရှင်းပြီး ကောင်းမွန်သော အသိဉာဏ်နှင့် တာဝန်ယူမှုတို့ရှိသည့် အပြုအမူမျိုးဖြစ်စေရန် နှလုံးသွင်းခြင်းသည်သာလျှင် လိုက်နာကျင့်သုံးမှုကို အကောင်အထည်ဖော်ခြင်းနှင့် ဆက်နွယ်ပါသည်။



# Watakyu Group ၏ အခြေခံမူဝါဒများနှင့် လိုက်နာကျင့်သုံးရမည့် အချက်များအကြား ဆက်နွယ်မှု

အခြေခံမူဝါဒများကို လက်တွေ့ကျင့်သုံးရန်အတွက် မည်ကဲ့သို့သောကိစ္စများ လုပ်ဆောင်သင့်ပါသနည်း။
ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်တွင် အခြေခံမူဝါဒများကို အခြေခံပြီး "ဖောက်သည်များ" "ပေးသွင်းသူများ" "မိတ်ဖက်ကုမ္ပဏီများ" "အားလုံးသောဝန်ထမ်းများ" အတွက် လိုက်နာကျင့်သုံးမှုဆိုင်ရာအပြုအမူလမ်းညွှန်ချက်များ ချမှတ်ပေးထားပြီး ထို့အပြင် လိုက်နာကျင့်သုံးရမည့်အချက်များ 16 ချက်အဖြစ် အသေးစိတ်ပုံဖော်ထားပါသည်။
ထို့ကြောင့် ဤနေရာတွင် ရှင်းပြထားသော အပြုအမူများကို လက်တွေ့ကျင့်သုံးခြင်းသည် "အခြေခံမူဝါဒများကို စေ့စေ့စပ်စပ် လုပ်ဆောင်ခြင်း" နှင့် ဆက်နွယ်ပါသည်။

အခြေခံမူဝါဒများမှ Stakeholders (သက်ဆိုင်သူများ) ဖောက်သည် | ပေးသွင်းသူများ | မိတ်ဖက်ကုမ္ပဏီများ | ဝန်ထမ်းများ

| အခြေခံမူဝါဒများမှ Stakeholders (သက်ဆိုင်သူများ) | လိုက်နာကျင့်သုံးမှုဆိုင်ရာအပြုအမူလမ်းညွှန်ချက်များ | လိုက်နာကျင့်သုံးရမည့်အချက်များ |
|---|---|---|
| ဖောက်သည် | ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖောက်သည်များနှင့် အစဉ်အမြဲ ရိုးသားစွာ ရင်ဆိုင်ဖြေရှင်းပါမည်။ | 01. ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ | ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။ | 02. မမှန်မကန်ယှဉ်ပြိုင်မှုကို တားမြစ်ခြင်း<br>03. လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာခြင်း<br>04. စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေး<br>05. အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်မှုကို တားမြစ်ခြင်း<br>06. လာဘ်ပေးလာဘ်ယူခြင်းနှင့် မသင့်လျော်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းတို့အား တားမြစ်ခြင်း |
| ဝန်ထမ်းများ | ကျွန်ုပ်တို့သည် ဘေးကင်း၍ ကျန်းမာပြီး ဂုဏ်ယူဝံ့ကြွားစွာဖြင့် အလုပ်လုပ်နိုင်မည့် လုပ်ငန်းခွင်တစ်ခုဖန်တီးရန် ကြိုးပမ်းပါမည်။ | 07. ဘေးကင်း၍ အလုပ်လုပ်ကိုင်ရလွယ်ကူသော လုပ်ငန်းခွင်ပတ်ဝန်းကျင်<br>08. ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်ခြင်း |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် Stakeholders (သက်ဆိုင်သူများ) အား ကော်ပိုရိတ်လုပ်ငန်းအနေဖြင့် ရှင်းပြရမည့်တာဝန်များကို ကျေပွန်စွာလုပ်ဆောင်ပါမည်။ | 09. သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှု၊ အခွန်တင်သွင်းခြင်းနှင့် သင့်လျော်သော သတင်းအချက်အလက် ထုတ်ဖော်ခြင်း |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုကို လေးစားပြီး သင့်လျော်စွာ ကိုင်တွယ်ပါမည်။ | 10. ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်း<br>11. ဉာဏပစ္စည်းပိုင်ဆိုင်မှု ကာကွယ်ထိန်းသိမ်းခြင်း<br>12. ကုမ္ပဏီပိုင်ဆိုင်မှုများကို ကိုင်တွယ်ခြင်း |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများနှင့် လုံးဝ ပတ်သက်ဆက်နွယ်မှုလုပ်မည်မဟုတ်ပါ။ | 13. လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများအပေါ် တုံ့ပြန်ဆောင်ရွက်မှု |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် လူသားအားလုံး၏ လူ့အခွင့်အရေးကို လေးစားပါသည်။ | 14. လူ့အခွင့်အရေးကို လေးစားခြင်း |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် ကောင်းမွန်နိုင်မာသော လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသနှင့် လူ့အဖွဲ့အစည်းတို့ ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုသွားမည်ဖြစ်ပါသည်။ | 15. လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခြင်း |
| ဖောက်သည်, ပေးသွင်းသူများ, မိတ်ဖက်ကုမ္ပဏီများ, ဝန်ထမ်းများ | ကျွန်ုပ်တို့သည် အရင်းအမြစ်များ ပြန်လည်အသုံးပြုခြင်းဆိုင်ရာ လူ့အဖွဲ့အစည်းနှင့် လိုက်ဖက်သော လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တုံ့ပြန်ဆောင်ရွက်ပြီး အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုရန် ကြိုးပမ်းပါမည်။ | 16. ပတ်ဝန်းကျင်အပေါ် တုံ့ပြန်ဆောင်ရွက်မှု |

## Watakyu Group ၏ Stakeholders (သက်ဆိုင်သူများ)

Stakeholders (သက်ဆိုင်သူများ) ဆိုသည်မှာ ကုမ္ပဏီ၏ လုပ်ဆောင်မှုများကြောင့် သက်ရောက်မှုရှိသော အကျိုးခံစားခွင့်သက်ဆိုင်သူများ ဖြစ်ပါသည်။ Watakyu Group သည် အခြေခံမူဝါဒ၌ ရှင်းလင်းစွာဖော်ပြထားသော "ဖောက်သည်" "ပေးသွင်းသူများ" "မိတ်ဖက်ကုမ္ပဏီများ" "အားလုံးသောဝန်ထမ်းများ" မှအစပြုပြီး အောက်တွင်ဖော်ပြထားသည့် Stakeholders (သက်ဆိုင်သူများ) အသီးသီးတို့ထံမှ ပံ့ပိုးမှုများ ရရှိထားပါသည်။

- ✓ ဖောက်သည်
- ✓ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ (ပေးသွင်းသူများ၊ မိတ်ဖက်ကုမ္ပဏီများ)
- ✓ အားလုံးသော ဝန်ထမ်းများ
- ✓ ရှယ်ယာရှင်များ
- ✓ လုပ်ငန်းနယ်ပယ်များ
- ✓ အုပ်ချုပ်ရေး
- ✓ ဒေသတွင်းလူ့အဖွဲ့အစည်းများ
- ✓ အထွေထွေလူ့အဖွဲ့အစည်း

## အဓိကအမှာစကား

ကျွန်ုပ်တို့သည် ဆေးဝါးစောင့်ရှောက်မှု၊ သူနာပြုစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးတို့ကို ပံ့ပိုးပေးသည့် ကော်ပိုရိတ်လုပ်ငန်းစုအနေဖြင့် ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပေးအပ်ပါမည်။

ကျွန်ုပ်တို့သည် မတရားသော နည်းလမ်းများဖြင့် အခြားကုမ္ပဏီများ၏ ကုန်သွယ်မှုလျှို့ဝှက်ချက်များကဲ့သို့သော သတင်းအချက်အလက်များကို စုဆောင်းခြင်း သို့မဟုတ် အခြားကုမ္ပဏီများ၏ယုံကြည်မှုကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ပြုလုပ်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာ၍ လွတ်လပ်ပြီး ကောင်းမွန်ခိုင်မာသော၊ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှုများကို အစဉ်အမြဲ လုပ်ဆောင်ပါမည်။

ကျွန်ုပ်တို့သည် တန်ဖိုးရှိသော မိတ်ဖက်များဖြစ်သည့် ပေးသွင်းသူများ၊ မိတ်ဖက်ကုမ္ပဏီများနှင့် အစဉ်အမြဲ ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရန်နှင့် နှစ်ဖက်စလုံးအတွက် အကျိုးအမြတ်များ အများဆုံးဖြစ်စေရန် ရည်ရွယ်သွားပါမည်။

ကျွန်ုပ်တို့သည် အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်ခြင်း တားမြစ်ချက်များကို ချိုးဖောက်သည့်အပြုအမူနှင့် ထိုသို့ချိုးဖောက်သည်ဟု သံသယဖြစ်စေနိုင်သည့် အပြုအမူမျိုးကို လုပ်ဆောင်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ စသည်တို့နှင့်ကျွန်ုပ်တို့အကြားတွင် မလျော်ကန်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းကဲ့သို့သော အပေးအယူလုပ်ခြင်းများကို တင်းကျပ်စွာ ရှောင်ကြဉ်ပြီး ကောင်းမွန်ခိုင်မာသော ဆက်ဆံရေးကို ထိန်းသိမ်းပါမည်။

ကျွန်ုပ်တို့သည် အလုပ်သမားဆိုင်ရာဥပဒေများနှင့် ကုမ္ပဏီတွင်းစည်းမျဉ်းများကို လေးစားလိုက်နာပြီး ဘေးကင်း၍ သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းပါမည်။

ကျွန်ုပ်တို့သည် တစ်ဖက်သားကို မတရားစွာ နာကျင်စေသော၊ စိတ်ညှိုးနွမ်းစေသော ထိပါးနှောင့်ယှက်သည့်အပြုအမူမျိုးကို လုံးဝ ပြုလုပ်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှုနှင့် အခွန်တင်သွင်းခြင်းတို့ကို လုပ်ဆောင်ပြီး Stakeholders (သက်ဆိုင်သူများ) ထံသို့ သင့်လျော်သောအချိန်၌ သင့်လျော်သော သတင်းအချက်အလက်များ ထုတ်ဖော်နိုင်ရန် ကြိုးပမ်းပါမည်။

ကျွန်ုပ်တို့သည် ဖောက်သည်များနှင့် ဝန်ထမ်းများ၏ ကိုယ်ရေးလုံခြုံမှုကို လေးစားပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ ကိုင်တွယ်ပါမည်။

ကျွန်ုပ်တို့သည် Watakyu Group မှ ပိုင်ဆိုင်ထားသော ဉာဏပစ္စည်းပိုင်ဆိုင်မှုကို အရေးကြီးသော ပိုင်ဆိုင်မှုတစ်ခုအဖြစ် သင့်လျော်စွာ ကာကွယ်ထိန်းသိမ်းပါမည်။ ထို့အပြင် အခြားသူများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုကိုလည်း လေးစားပြီး ၎င်းကို ချိုးဖောက်ခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ခြင်း မပြုပါ။

ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ဆိုင်မှုများမှာ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးပေးသည့် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း သိမြင်ထားပြီး ၎င်းတို့အား သင့်လျော်စွာ အသုံးပြုကာ စီမံခန့်ခွဲမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် ဘေးကင်းရေးကို ခြိမ်းခြောက်နေသော လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများအပေါ် ပြတ်ပြတ်သားသား တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့နှင့် လုံးဝ ပတ်သက်ဆက်နွယ်မှုလုပ်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစားပါသည်။

ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် ဒေသတွင်းလူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

ကျွန်ုပ်တို့သည် ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ဒေသတွင်းပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားကာ လုပ်ငန်းများကို မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်သွားပါမည်။

# လက်တွေ့ကျင့်သုံးခြင်းအတွက် အဓိကအချက်များ

ကျွန်ုပ်တို့၏ဝန်ထမ်းများ တစ်ဦးချင်းတစ်ယောက်ချင်းစီမှ လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်ပါ အကြောင်းအရာများကို ကောင်းစွာနားလည်သဘောပေါက်ထားပြီး အကြောင်းတိုက်ဆိုင်တိုင်း မိမိတို့၏အပြုအမူများကို ပြန်လည်သုံးသပ်ရန်မှာ အရေးကြီးပါသည်။
လုပ်ငန်းခွင်တွင်သာမက ကိုယ်ပိုင်ဘဝများတွင်လည်း Watakyu Group မှ ဝန်ထမ်းတစ်ဦးအနေဖြင့် အရှက်ရဖွယ်မဖြစ်သော အပြုအမူမျိုးဖြစ်စေရန် သိရှိထားပြီး မြင့်မားသောကျင့်ဝတ်များနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ် အခြေခံထားသည့် အပြုအမူများကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်သွားကြပါ။

## အကျုံးဝင်သူများ

Watakyu Group ရှိ ကုမ္ပဏီအသီးသီးနှင့် သက်ဆိုင်သော အမှုဆောင်များအားလုံး

## ခေါင်းဆောင်များတွင် လိုအပ်သည့်အရာများ

ခေါင်းဆောင်ရသော ရာထူးများမှ ဝန်ထမ်းများအားလုံးတွင် အောက်ဖော်ပြပါ အခန်းကဏ္ဍများနှင့် တာဝန်များ လိုအပ်ပါသည်။

| | |
|---|---|
| စံနမူနာ ပြသခြင်း | မိမိကိုယ်တိုင် စံနမူနာအနေဖြင့် လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်တွင် ဖော်ပြထားသည့် အကြောင်းအရာများကို လက်တွေ့ကျင့်သုံးပါမည် |
| သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ မျှဝေခြင်း | မှန်ကန်သည့် အပြုအမူများကို လုပ်ဆောင်ရန်အတွက် အလုပ်သဘောအရ လိုအပ်သော သတင်းအချက်အလက်များကို ပတ်ဝန်းကျင်သို့ ဖြန့်ဝေပါမည် |
| ရာထူး၊ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားမလုပ်ရ | ခေါင်းဆောင်သည့်သူများအနေဖြင့် ရာထူး၊ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုသည့် အပြုအမူများနှင့် ပတ်ဝန်းကျင်မှ ထိုကဲ့သို့ မြင်နိုင်သည့် အပြုအမူများကို တင်းကျပ်စွာ ရှောင်ကြဉ်ပါမည် |
| ဆက်ဆံရေးကောင်းမွန်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးခြင်း | လုပ်ငန်းခွင်မှသူများအားလုံး၏ ထင်မြင်ယူဆချက်များကို နေ့စဉ်အမြဲ နားထောင်ပြီး ဆုံးဖြတ်ချက်ချရန် တွေဝေနေသည့်ကိစ္စများနှင့် ပြဿနာများကို တုံ့ဆိုင်းမှုမရှိဘဲ ဆွေးနွေးတိုင်ပင်နိုင်သည့် ပတ်ဝန်းကျင်အနေအထားဖန်တီးရန် ကြိုးပမ်းပါမည်။ |
| ပြဿနာများကို သင့်လျော်စွာ စီမံဆောင်ရွက်ခြင်း | ပြဿနာဖြစ်ပွားပါက ပါဝင်ပတ်သက်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ထိန်းသိမ်းရင်းဖြင့် သင့်လျော်သောအချိန်၌ သင့်လျော်မှန်ကန်သောနည်းလမ်းဖြင့် လိုအပ်သည့် သတင်းပေးပို့ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရပါမည် |

## ချိုးဖောက်မိပါက

ဝန်ထမ်းများ (ယာယီဝန်ထမ်းများအပါအဝင် တာဝန်ထမ်းဆောင်သူအားလုံး အကျုံးဝင်) နှင့် Stakeholders (သက်ဆိုင်သူများ) ထံမှ ယုံကြည်မှုသည် ရယူရန်ခက်ခဲသော်လည်း ဆုံးရှုံးရန်မှာ အလွန်လွယ်ကူပါသည်။
လိုက်နာကျင့်သုံးရမည့်အချက်ကို တစ်ခုတည်းမျှသာချိုးဖောက်ခြင်းဖြစ်သော်လည်း ကော်ပိုရိတ်လုပ်ငန်းကို ဘဏ္ဍာရေးအကျပ်အတည်းသို့ တွန်းပို့နိုင်ပါသည်။
ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်ကို ချိုးဖောက်ပြီး ကုမ္ပဏီ၏ယုံကြည်မှုကို ထိခိုက်စေသည့် အခြေအနေဖြစ်လာပါက အရေးယူခြင်းနှင့် ဥပဒေအရ အပြစ်ပေးခြင်းတို့ ရှိလာနိုင်ပါသည်။
ထိုသို့သော အခြေအနေမျိုးတွင် အမှုဆောင်များနှင့် ခေါင်းဆောင်ရသော ရာထူးများမှသူများသည် စီမံခန့်ခွဲသူအဖြစ် တာဝန်ယူရခြင်းလည်း ရှိနိုင်ပါသည်။
အရေးကြီးသည့်အရာမှာ ဆုံးဖြတ်ချက်ချရန်နှင့် ပြုမူရန် တွေဝေနေပါက ရပ်တန့်လိုက်ပြီး ဘေးပတ်ဝန်းကျင်ဖြင့် တုံ့ဆိုင်းမှုမရှိဘဲ ဆွေးနွေးတိုင်ပင်ရန်ဖြစ်ပါသည်။
မမှန်ကန်သော အပြုအမူများနှင့် ချိုးဖောက်မှုများ မဖြစ်ပွားမီ ကာကွယ်ရန်အတွက်လည်း ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလမ်းညွှန်စာအုပ်ကို အသုံးပြုပါ။

## ဆုံးဖြတ်ချက်ချရန် တွေဝေနေပါက

ကျွန်ုပ်တို့သည် နေ့စဉ်လုပ်ငန်းတာဝန်များထဲတွင် အမျိုးမျိုးသော ဆုံးဖြတ်ချက်များချရန် လိုအပ်ပါသည်။ မိမိကြုံတွေ့နေရသည့် အခြေအနေများနှင့် အကျိုးခံစားခွင့်သက်ဆိုင်မှုများထဲတွင် တစ်ခါတရံ၌ ဆုံးဖြတ်ချက်ချရန် တွေဝေသည့်အခါများလည်း ရှိကောင်းရှိနိုင်ပါသည်။
တစ်ဖက်တွင် ဤလိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်သည် ဝန်ထမ်းများအားလုံး ကြုံတွေ့ရနိုင်သည့် အခြေအနေများအားလုံးနှင့် ပတ်သက်ပြီး ရှင်းပြထားခြင်းမျိုး မဟုတ်ပါ။
နေ့စဉ်လုပ်ငန်းတာဝန်များထဲတွင် သင်လုပ်ဆောင်သင့်သည့် အပြုအမူများအပေါ် သံသယဝင်ခြင်း၊ ဆုံးဖြတ်ချက်ချရန် တွေဝေခြင်းများဖြစ်သည့်အခါ အောက်ပါမေးခွန်းများကို မိမိကိုယ်ကိုယ် ပြန်မေးကြည့်ပါ။

1. Watakyu Group ၏ အခြေခံမူဝါဒကို ချိုးဖောက်ထားပါသလား။
2. ဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်အသီးသီးကို ချိုးဖောက်ထားပါသလား။
3. အဆိုပါအပြုအမူအတွက် ဂုဏ်ယူနိုင်ပါသလား။
4. အခြားသူများ တွေ့မြင်သွားပါက မသင့်လျော်သည်ဟု အထင်ခံရနိုင်ပါသလား။
5. မိသားစုနှင့် ချစ်ခင်ရသူများအပေါ်တွင်လည်း အလားတူအပြုအမူမျိုး လုပ်နိုင်ပါသလား။

အကယ်၍ ယုံကြည်ချက်ရှိစွာဖြင့် "ဟုတ်ကဲ့"ဟု မဖြေနိုင်သည့်အချက်ရှိပါက မိမိတစ်ယောက်တည်း ရင်ဆိုင်ခြင်းမပြုဘဲ အထက်လူကြီးသို့မဟုတ် သက်ဆိုင်ရာဌာန၊ သတ်မှတ်ထားသော ကောင်တာတို့ဖြင့် ဆွေးနွေးတိုင်ပင်ပါ။

## စိုးရိမ်ဖွယ်ရာနှင့် ပြဿနာရပ်များကို သတိပြုမိပါက

စည်းမျဉ်းဥပဒေများနှင့် ကုမ္ပဏီစည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ ထိပါးနှောင့်ယှက်သည့်အပြုအမူများအပြင် လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်ကို ချိုးဖောက်ခြင်းဖြစ်နိုင်သည့် စိုးရိမ်ဖွယ်ရာနှင့် ပြဿနာရပ်များကို သတိပြုမိပါက "အသေးအမွှားလေးမလို့ပါ" "ငါမှားနေတာဖြစ်နိုင်တယ်" စသဖြင့် ကျော်မသွားဘဲ မပျက်မကွက် ဆွေးနွေးတိုင်ပင်ပါ။

### တိုက်ရိုက်ဆွေးနွေးတိုင်ပင်ပါမည်

**အထက်လူကြီး သို့မဟုတ် ယုံကြည်ရသော စီမံခန့်ခွဲသူ**

တိုက်ရိုက်အထက်လူကြီးကိုသာမက သက်ဆိုင်ရာအဖွဲ့အစည်းပြင်ပမှ စီမံခန့်ခွဲသူများဖြင့်လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

**ကုမ္ပဏီအသီးသီး၏ လိုက်နာကျင့်သုံးမှုဆိုင်ရာဌာနနှင့် ပြဿနာရပ်များအတွက်သက်ဆိုင်ရာဌာနများ**

လိုက်နာကျင့်သုံးမှုဆိုင်ရာဌာနအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့် ဥပဒေရေးရာဌာနစသည့် ပညာရှင်ဌာနတို့ဖြင့်လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

### ကောင်တာကို အသုံးပြုပါမည်

**ဌာနတွင်းတိုင်ကြားရေးစနစ်နှင့် ပြည်သူ့အကျိုးတိုင်ကြားရေးစနစ် စသည့် တိုင်ကြားရေးကောင်တာများ**

- Watakyu Group သည် လိုက်နာကျင့်သုံးမှုချိုးဖောက်ခြင်းကို လျင်မြန်စွာ ရှာဖွေပြီး ဖြေရှင်းရန်အတွက် ကုမ္ပဏီအသီးသီးတွင် သတင်းပေးပို့ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ လုပ်နိုင်မည့် တည်ဆောက်ပုံနှင့် ပတ်ဝန်းကျင်ကို ပြင်ဆင်ပေးထားပါသည်။
- ကုမ္ပဏီအသီးသီးသည် ဆွေးနွေးသူများထံမှ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို စေ့စပ်သေချာစွာ လျှို့ဝှက်ထားမည်ဖြစ်ပြီး ဆွေးနွေးသူများအား အကျိုးမဲ့စေမည့် လက်တုံ့ပြန်သည့်လုပ်ရပ်မျိုးကို တားမြစ်ပြီး ဥပဒေနှင့်ကိုက်ညီသော တိုင်ကြားမှုစနစ်အသုံးပြုခြင်းကို အဓိကဦးစားပေးအနေဖြင့် ကောင်တာများ ထားရှိပေးထားသည့်အတွက် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ပါသည်။

## ဆွေးနွေးသူ၊ တိုင်ကြားသူတို့ကို အကာအကွယ်ပေးခြင်း

အထက်ဖော်ပြပါနည်းလမ်းများဖြင့် ဆွေးနွေးတိုင်ပင်ခြင်း သို့မဟုတ် တိုင်ကြားခြင်းလုပ်ခဲ့သူများသည် မမှန်ကန်သော ရည်ရွယ်ချက်မရှိသရွေ့ အကျိုးမဲ့စေမည့်ကိစ္စမျိုးမဖြစ်စေရန် ကာကွယ်ထိန်းသိမ်းသွားပါမည်။
ဆွေးနွေးတိုင်ပင်မှု သို့မဟုတ် တိုင်ကြားမှုကို လက်ခံရရှိသည့်ဘက်သည် အဆိုပါ သတင်းအချက်အလက်များကို တင်းကျပ်စွာ ကိုင်တွယ်မည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ထိန်းသိမ်းရင်းဖြင့် လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောလျင်စွာ လုပ်ဆောင်ပါမည်။

# လိုက်နာကျင့်သုံးရမည့်အချက်များ


| | | |
|---|---|---|
| 01. | ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ | 11 |
| 02. | မမှန်မကန်ယှဉ်ပြိုင်မှုကို တားမြစ်ခြင်း | 12 |
| 03. | လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာခြင်း | 13 |
| 04. | စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေး | 14 |
| 05. | အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်မှုကို တားမြစ်ခြင်း | 15 |
| 06. | လာဘ်ပေးလာဘ်ယူခြင်းနှင့် မသင့်လျော်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းတို့အား တားမြစ်ခြင်း | 16 |
| 07. | ဘေးကင်း၍ အလုပ်လုပ်ကိုင်ရလွယ်ကူသော လုပ်ငန်းခွင်ပတ်ဝန်းကျင် | 17 |
| 08. | ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်ခြင်း | 18 |
| 09. | သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှု၊ အခွန်တင်သွင်းခြင်းနှင့် သင့်လျော်သော သတင်းအချက်အလက် ထုတ်ဖော်ခြင်း | 19 |
| 10. | ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်း | 20 |
| 11. | ဉာဏပစ္စည်းပိုင်ဆိုင်မှု ကာကွယ်ထိန်းသိမ်းခြင်း | 21 |
| 12. | ကုမ္ပဏီပိုင်ဆိုင်မှုများကို ကိုင်တွယ်ခြင်း | 22 |
| 13. | လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများအပေါ် တုံ့ပြန်ဆောင်ရွက်မှု | 23 |
| 14. | လူ့အခွင့်အရေးကို လေးစားခြင်း | 24 |
| 15. | လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခြင်း | 25 |
| 16. | ပတ်ဝန်းကျင်အပေါ် တုံ့ပြန်ဆောင်ရွက်မှု | 26 |

# 01

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖောက်သည်များနှင့် အစဉ်အမြဲ ရိုးသားစွာ ရင်ဆိုင်ဖြေရှင်းပါမည်။

# ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ

**ကျွန်ုပ်တို့သည် ဆေးဝါးစောင့်ရှောက်မှု၊ သူနာပြုစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးတို့ကို ပံ့ပိုးပေးသည့် ကော်ပိုရိတ်လုပ်ငန်းစုအနေဖြင့် ဘေးကင်းပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပေးအပ်ပါမည်။**

- ဆေးဝါးစောင့်ရှောက်မှု၊ သူနာပြုစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးတို့ကို ပံ့ပိုးပေးသည့် ကော်ပိုရိတ်လုပ်ငန်းစုအနေဖြင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အသုံးပြုသော ဖောက်သည်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ပထမ ဦးစားပေး အဖြစ် စဉ်းစားပါမည်။
- လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအားလုံးတွင် ဘေးကင်းရေးနှင့် အရည်အသွေးတို့နှင့်သက်ဆိုင်သည့် ဥပဒေနှင့် စံနှုန်းများကို လိုက်နာခြင်းနှင့်အတူ အဆက်မပြတ် တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။
- ဘေးကင်းရေးနှင့် အရည်အသွေးတို့နှင့်သက်ဆိုင်သော ဒေတာများကို တိကျမှန်ကန်စွာ မှတ်တမ်းတင်ရပါမည်။
- ဖောက်သည်များထံမှ ရရှိလာသော ထင်မြင်ယူဆချက်များနှင့် တောင်းဆိုချက်များသည် အဖိုးတန်သော "ပိုင်ဆိုင်မှုများ"ဖြစ်ပါသည်။ ရရှိလာသော ထင်မြင်ယူဆချက်များအပေါ် ရိုးသားစွာ တုံ့ပြန်ဆောင်ရွက်ပြီး ပြဿနာများနှင့် တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ရမည့်အချက်များရှိပါက အကြောင်းအရင်းကို ချက်ချင်း ရှာဖွေဖော်ထုတ်ရန်နှင့် ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဒေတာများကို အတုပြုလုပ်ခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမျိုး လုံးဝ မလုပ်ဆောင်ရပါ။
- သတ်မှတ်ထားသော လုပ်ငန်းစဉ်များနှင့် စံနှုန်းများမှ သွေဖည်သွားသည့် နည်းလမ်းတို့ဖြင့် လုပ်ငန်းတာဝန်များကို မဆောင်ရွက်ရပါ။

# 02

ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။

# မမှန်မကန်ယှဉ်ပြိုင်မှုကို တားမြစ်ခြင်း

**ကျွန်ုပ်တို့သည် မတရားသော နည်းလမ်းများဖြင့် အခြားကုမ္ပဏီများ၏ ကုန်သွယ်မှုလျှို့ဝှက်ချက်များကဲ့သို့သော သတင်းအချက်အလက်များကို စုဆောင်းခြင်း သို့မဟုတ် အခြားကုမ္ပဏီများ၏ယုံကြည်မှုကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ပြုလုပ်မည်မဟုတ်ပါ။**

- Watakyu Group သည် လွတ်လပ်၍ ပွင့်လင်းမြင်သာပြီး ကောင်းမွန်ခိုင်မာသော ဈေးကွက်ပြိုင်ဆိုင်မှုများအပေါ် အလေးထားပါသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေမည့် အပြုအမူဖြစ်ပါက ပြင်းထန်စွာ အပြစ်ပေးခံရပြီး လူ့အဖွဲ့အစည်းဆိုင်ရာ ဒဏ်ခတ်မှုများကို ခံယူရမည်ဖြစ်သည်။
- ကောင်းမွန်ခိုင်မာသော ယှဉ်ပြိုင်မှုပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် အားလုံးသော စီးပွားရေးလုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ပြိုင်ဘက်များအပေါ် လေးစားမှုထားပြီး ရိုးသားစွာဖြင့် တုံ့ပြန်ဆောင်ရွက်ရပါမည်။
- ပြိုင်ဘက်များအတွက် လေးစားမှုသာမက မိမိကုမ္ပဏီ၏ အခွင့်အရေးနှင့်ပိုင်ဆိုင်မှုများကိုပါ ကာကွယ်ထိန်းသိမ်းပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ခိုးယူမှု၊ လိမ်လည်မှု၊ အကျပ်ကိုင်မှုကဲ့သို့ မမှန်ကန်သော နည်းလမ်းများဖြင့် အခြားကုမ္ပဏီများ၏ ကုန်သွယ်မှုလျှို့ဝှက်ချက်များကို ရယူခြင်းမပြုရပါ။ ထို့အပြင် မမှန်မကန်ရယူထားသည့် ဖြစ်နိုင်ခြေရှိသော အခြားကုမ္ပဏီများ၏ ကုန်သွယ်မှုလျှို့ဝှက်ချက်များကို အသုံးမပြုရပါ။
- အလုပ်ထွက်ပြီးသည့်နောက်တွင်လည်း အလုပ်သဘောအရ သိထားသည့် သတင်းအချက်အလက်များကို ပြင်ပအဖွဲ့အစည်းထံသို့ ထုတ်ဖော်ခြင်းမပြုရပါ။
- အခြားကုမ္ပဏီများမှ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ် အသရေဖျက်ခြင်း၊ ပုတ်ခတ်ပြောဆိုခြင်းနှင့် သတင်းအမှားလွှင့်ခြင်းတို့ကို လုပ်ဆောင်ခြင်းအားဖြင့် အခြားကုမ္ပဏီများ၏ယုံကြည်မှုကို ထိခိုက်စေမည့် အပြုအမူမျိုး မလုပ်ရပါ။
- ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး၊ အကြောင်းအရာ၊ ပမာဏစသည်တို့နှင့် ပတ်သက်၍ ဝယ်ယူသူများ သို့မဟုတ် သုံးစွဲသူများကို အထင်မှားစေမည့် ဖော်ပြခြင်းများ မလုပ်ဆောင်ရပါ။

# 03

ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။

# လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာခြင်း

**ကျွန်ုပ်တို့သည် လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာ၍ လွတ်လပ်ပြီး ကောင်းမွန်ခိုင်မာသော၊ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှုများကို အစဉ်အမြဲ လုပ်ဆောင်ပါမည်။**

- တရားမျှတပြီး လွတ်လပ်သော ယှဉ်ပြိုင်မှုများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာစေကာ ဖောက်သည်များ၊ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များမှ အစပြု၍ Stakeholders (သက်ဆိုင်သူများ) ထံမှ ယုံကြည်မှုကို တည်ဆောက်ရန်အတွက် လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေကို လေးစားလိုက်နာပါမည်။
- လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေအား ချိုးဖောက်ခြင်းသည် ဥပဒေအရ အန္တရာယ်ရှိသည်သာမက ယခုအချိန်အထိ တည်ဆောက်လာခဲ့သော Stakeholders (သက်ဆိုင်သူများ) ထံမှ အဖိုးတန်ယုံကြည်မှုကိုလည်း ဆုံးရှုံးရပါမည်။
- လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေ ကျင့်သုံးခြင်းနှင့်ပတ်သက်၍ သံသယဖြစ်ပေါ်လာပါက တစ်ဦးတည်းဆုံးဖြတ်ချက်မချဘဲ အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနထံ မပျက်မကွက် မေးမြန်းရပါမည်။
- သာလွန်မြင့်မားသော ရာထူးကို အလွဲသုံးစားပြုခြင်းသည် တရားမျှတ၍ မှန်ကန်မှုရှိသော စီးပွားရေးလုပ်ဆောင်မှုကို ထိခိုက်စေသည့် အပြုအမူဖြစ်ပါသည်။ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအပေါ် လေးစားမှုရှိပြီး တန်းတူညီမျှဖြစ်သော မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ခြင်းအားဖြင့် ကောင်းမွန်ခိုင်မာသော စီးပွားရေးစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- စီးပွားရေးပတ်သက်ဆက်နွယ်မှုအရ သာလွန်မြင့်မားသော ရာထူးကို အသုံးချ၍ ကျိုးကြောင်းဆီလျော်မှုမရှိသော စီးပွားရေး သတ်မှတ်ချက်များ မချမှတ်ရပါ။
- လုပ်ငန်းများအချင်းချင်းညှိ၍ အမြတ်ထွက်စေရန်ကြံစည်ခြင်း (cartel) ၊ လေလံပွဲမတိုင်မီ ညှိနှိုင်းထားခြင်းရှိသည်ဟု အလွယ်တကူ သံသယဖြစ်ဖွယ်ရှိသည့် လုပ်ငန်းတူလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ လုပ်ငန်းအုပ်စုများအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်းတို့ မလုပ်ဆောင်ရပါ။
- စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအပေါ် ဖိအားပေးခြင်း၊ မမျှတသော ဈေးနှိမ်ရောင်းဝယ်ခြင်းစသည့် နည်းလမ်းများကို အသုံးပြုကာ ပြိုင်ဘက်ကို ဈေးကွက်ထဲမှ ဖယ်ထုတ်ခြင်း၊ အသစ်ဝင်လာသူများကို ဟန့်တားခြင်းတို့ မလုပ်ရပါ။

# 04

ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။

# စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေး

**ကျွန်ုပ်တို့သည် တန်ဖိုးရှိသော မိတ်ဖက်များဖြစ်သည့် ပေးသွင်းသူများ၊ မိတ်ဖက်ကုမ္ပဏီများနှင့် အစဉ်အမြဲ ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရန်နှင့် နှစ်ဖက်စလုံးအတွက် အကျိုးအမြတ်များ အများဆုံးဖြစ်စေရန် ရည်ရွယ်သွားပါမည်။**

- Watakyu Group ၏ လုပ်ငန်းများအား ပေးသွင်းသူများနှင့် မိတ်ဖက်ကုမ္ပဏီများမှ ပံ့ပိုးထားခြင်းဖြစ်ကြောင်းကို နေ့စဉ် သိရှိထားပြီး “ကျေးဇူးတင်သည့်စိတ်”နှင့် “နှိမ့်ချသောသဘောထား”တို့ဖြင့် ရင်ဆိုင်ဖြေရှင်းရပါမည်။
- ကော်ပိုရိတ်လုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ဆောင်ရာ၌ တစ်ဆင့်ခံကန်ထရိုက်ဥပဒေစသည့် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး အပြန်အလှန် ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် ဆက်ဆံရေးမျိုး တည်ဆောက်ရန် ကြိုးပမ်းပါမည်။
- တစ်ဆင့်ခံကန်ထရိုက်ဥပဒေ၌ အကျုံးဝင်သော စီးပွားရေးလုပ်ဆောင်မှုများတွင် အောက်ပါအချက်များကို လေးစားလိုက်နာရပါမည်။
    1. အမှာစာ ထုတ်ပေးရမည့်တာဝန်
    2. တစ်ဆင့်ခံကန်ထရိုက်သို့ ငွေပေးချေရန်အတွက် ငွေပေးချေမည့်ရက်ကို သတ်မှတ်ရမည့်တာဝန်
    3. စီးပွားရေးလုပ်ဆောင်မှုများနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ ရေးသားပြုစုခြင်း၊ သိမ်းဆည်းခြင်း ပြုလုပ်ရမည့်တာဝန်
    4. ပေးချေမှုကြန့်ကြာပါက အတိုးပေးရမည့်တာဝန်
- နေ့စဉ်လုပ်ငန်းတာဝန်များတွင် တစ်ဆင့်ခံကန်ထရိုက်ဥပဒေစသည့် ဆက်စပ်ဥပဒေများကို အစဉ်အမြဲ သိရှိထားပြီး မရှင်းလင်းသည့်အချက်များရှိပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနတို့ဖြင့် ဆွေးနွေးတိုင်ပင်ရပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- လက်ခံရန်ငြင်းပယ်ခြင်း၊ ငွေပေးချေမှုကြန့်ကြာခြင်း၊ ပေးချေရမည့်ငွေကို မတရားသဖြင့် လျှော့ချခြင်း၊ မတရားသဖြင့် ပစ္စည်းပြန်ပေးခြင်း၊ ဈေးနှိမ်ခြင်းစသည်ဖြင့် တစ်ဆင့်ခံကန်ထရိုက်ဥပဒေနှင့် အလွတ်တန်းဥပဒေ※ တို့ကို ချိုးဖောက်သည့်အပြုအမူများ မလုပ်ဆောင်ရပါ။
- ကိုယ်ရေးကိုယ်တာ အကျိုးခံစားခွင့်သက်ဆိုင်မှုနှင့် မလျော်ကန်သော အကျိုးခံစားခွင့်များ ပေးအပ်ခြင်းကို အခြေခံပြီး စီးပွားရေးလုပ်ဖော်ကိုင်ဖက် ရွေးချယ်ခြင်း၊ စီးပွားရေးသတ်မှတ်ချက်များ ဆုံးဖြတ်ခြင်းတို့ကို မလုပ်ဆောင်ရပါ။

※အလွတ်တန်းဆိုသည်မှာ ဝန်ထမ်းအသုံးမပြုသော တစ်ကိုယ်ရေလုပ်ငန်းရှင် သို့မဟုတ် တစ်ဦးတည်းသူဌေးကို ရည်ညွှန်းပါသည်။

# 05

ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။

# အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်မှုကို တားမြစ်ခြင်း

**ကျွန်ုပ်တို့သည် အတွင်းသတင်းသုံး စီးပွားရေးလုပ်ဆောင်ခြင်း တားမြစ်ချက်များကို ချိုးဖောက်သည့်အပြုအမူနှင့် ထိုသို့ချိုးဖောက်သည်ဟု သံသယဖြစ်စေနိုင်သည့် အပြုအမူမျိုးကို လုပ်ဆောင်မည်မဟုတ်ပါ။**

- အတွင်းသတင်းသုံး စီးပွားရေးလုပ်ခြင်းဆိုသည်မှာ စာရင်းဝင်ကုမ္ပဏီအစရှိသည်တို့၏ အတွင်းသတင်းအချက်အလက်များကို သိထားပြီး သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းမပြုမီ အစုရှယ်ယာစသည်တို့ကို အရောင်းအဝယ်လုပ်ခြင်းဖြစ်ပါသည်။ အခြားရင်းနှီးမြှုပ်နှံသူများနှင့်အကြား တရားမျှတမှုရှိစေရန်အတွက် ၎င်းကို ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားပါသည်။
- စီးပွားရေးလုပ်ဖော်ကိုင်ဖက်သည် စာရင်းဝင်ကုမ္ပဏီဖြစ်ပါက အတွင်းသတင်းအချက်အလက်များကို မရည်ရွယ်ဘဲ သိသွားနိုင်ခြေရှိပါသည်။ အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ်လုပ်သည့်အခါ သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာသည်အထိ စောင့်ဆိုင်းရန်လိုအပ်ပါသည်။
- အတွင်းသတင်းသုံး စီးပွားရေးလုပ်ခြင်းတွင် အကျိုးအမြတ်ရရှိခြင်းသာမက ဆုံးရှုံးမှုများကို ရှောင်ရှားရန်အတွက် စီးပွားရေးလည်း ပါဝင်သောကြောင့် အပြည့်အဝ သတိပြုရပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ထုတ်ပြန်ကြေညာခြင်းမပြုရသေးသော ကုမ္ပဏီ၏အရေးကြီးဖြစ်ရပ်မှန်များကို သိထားပါက အဆိုပါသတင်းအချက်အလက်ကို ထုတ်ပြန်ကြေညာသည်အထိ အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ်လုပ်ခြင်းမပြုရပါ။ မိသားစုဝင်များ၏ အမည်ဖြင့်လုပ်ထားသော ဘဏ်အကောင့်များသည်လည်း အလားတူဖြစ်ပါသည်။
- မိမိကိုယ်တိုင် အရောင်းအဝယ်လုပ်ခြင်းသာမကဘဲ မိသားစုနှင့် အသိမိတ်ဆွေစသည့် ပတ်ဝန်းကျင်မှလူများကို ထုတ်ပြန်ကြေညာခြင်းမပြုရသေးသော အရေးကြီးဖြစ်ရပ်မှန်များ ပြောမပြရပါ။

**အတွင်းသတင်းအချက်အလက်ဆိုသည်မှာ**

စာရင်းဝင်ကုမ္ပဏီ အစရှိသည်တို့နှင့်ပတ်သက်သော သတင်းအချက်အလက်ဖြစ်ပြီး ၎င်းတို့ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့လိုက်ရပါက အဆိုပါ ကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးအပေါ် သက်ရောက်မှုဖြစ်စေမည့် အောက်ပါ အရေးကြီးသော ဖြစ်ရပ်မှန်များကို ရည်ညွှန်းပါသည်။

- အရေးပါသော ဆုံးဖြတ်ချက်ဖြစ်ရပ်မှန်များ - ထုတ်ကုန်အသစ်များနှင့် နည်းပညာအသစ်များကို စီးပွားဖြစ်ပြုလုပ်ခြင်း၊ လုပ်ငန်းများချိတ်ဆက်ခြင်း၊ M&A စသည်တို့
- အရေးကြီးသော ဖြစ်ရပ်မှန်များ - ဘေးအန္တရာယ်များနှင့် မတော်တဆမှုများကြောင့် ထိခိုက်နစ်နာမှုများ၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာစီမံဆောင်ရွက်မှုများ စသည်
- ငွေစာရင်းသတင်းအချက်အလက် - ဝင်ငွေခန့်မှန်းချက်နှင့် ဝေစုခန့်မှန်းချက်တို့ကို ကြီးကြီးမားမား ပြင်ဆင်ခြင်း စသည်

# 06

ကျွန်ုပ်တို့သည် ဆက်စပ်ဥပဒေများကို လေးစားလိုက်နာပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်ပြီး တရားမျှတသော စီးပွားရေးမျိုးကို လုပ်ဆောင်ပါမည်။

# လာဘ်ပေးလာဘ်ယူခြင်းနှင့် မသင့်လျော်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းတို့အား တားမြစ်ခြင်း

**ကျွန်ုပ်တို့သည် ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ စသည်တို့နှင့်ကျွန်ုပ်တို့အကြားတွင် မလျော်ကန်သော ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်းကဲ့သို့သော အပေးအယူလုပ်ခြင်းများကို တင်းကျပ်စွာ ရှောင်ကြဉ်ပြီး ကောင်းမွန်ခိုင်မာသော ဆက်ဆံရေးကို ထိန်းသိမ်းပါမည်။**

- ပြည်သူ့ဝန်ထမ်းများ အစရှိသူတို့အား လာဘ်ပေးခြင်းသည် တရားမျှတမှုရှိသော လူ့အဖွဲ့အစည်းကို ထိခိုက်စေသည့် အပြုအမူဖြစ်ပြီး ဂျပန်နိုင်ငံတွင်သာမက နိုင်ငံများစွာ၌ပါ ဥပဒေဖြင့် တားမြစ်ထားပါသည်။ လာဘ်ပေးခြင်းဆိုသည်မှာ ငွေကြေးပေးကမ်းခြင်းသာမက ပစ္စည်းများ၊ ဖျော်ဖြေခြင်း၊ ခရီးသွားခြင်းတို့ကို ပေးကမ်းခြင်းနှင့် ကျွေးမွေးပြုစုခြင်းစသည်တို့ပါ ပါဝင်ပါသည်။
- စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် စည်းရှိသော ဆက်ဆံရေးကို အစဉ်အမြဲ ထိန်းသိမ်းရန် လိုအပ်ပါသည်။ လူမှုရေးအရ လက်ခံနိုင်သော စံနှုန်းများထက်ကျော်လွန်သော အလွန်အကျွံ ကျွေးမွေးပြုစုခြင်းနှင့် လက်ဆောင်ပေးခြင်းသည် လုပ်ငန်းအတွက် ဆုံးဖြတ်ချက်ချရာ၌ မကောင်းသည့်သက်ရောက်မှုမျိုး ရှိလာနိုင်သည့်အတွက် တင်းကျပ်စွာ ရှောင်ကြဉ်ပါမည်။
- အလှူငွေထည့်ခြင်း၊ အလှူအတန်းပြုလုပ်ခြင်းများ ပြုလုပ်သည့်အခါတွင် ဆက်စပ်ဥပဒေများနှင့်တကွ ကုမ္ပဏီတွင်းစည်းမျဉ်းများကို လေးစားလိုက်နာပြီး သင့်လျော်မှန်ကန်သော လုပ်ထုံးလုပ်နည်းနှင့် နည်းလမ်းတို့ဖြင့် လုပ်ဆောင်ရပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ပြည်သူ့ဝန်ထမ်းနှင့် လွှတ်တော်အမတ်များအား ငွေကြေးပမာဏ နည်းသည်များသည်နှင့်မသက်ဆိုင်ဘဲ ငွေကြေး၊ ပစ္စည်းများ ပေးကမ်းခြင်းနှင့် ကျွေးမွေးပြုစုခြင်းတို့ မလုပ်ဆောင်ရပါ။
- စီးပွားရေးလုပ်ဖော်ကိုင်ဖက်များထံမှ အလွန်အကျွံ ကျွေးမွေးပြုစုခြင်းနှင့် လက်ဆောင်ပေးခြင်းတို့ကို လက်ခံရရှိပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနသို့ ချက်ချင်း သတင်းပေးပို့ပါ။

07

ကျွန်ုပ်တို့သည် ဘေးကင်း၍ ကျန်းမာပြီး ဂုဏ်ယူဝံ့ကြွားစွာဖြင့် အလုပ်လုပ်နိုင်မည့် လုပ်ငန်းခွင်တစ်ခုဖန်တီးရန် ကြိုးပမ်းပါမည်။

# ဘေးကင်း၍ အလုပ်လုပ်ကိုင်ရလွယ်ကူသော လုပ်ငန်းခွင်ပတ်ဝန်းကျင်

**ကျွန်ုပ်တို့သည် အလုပ်သမားဆိုင်ရာဥပဒေများနှင့် ကုမ္ပဏီတွင်းစည်းမျဉ်းများကို လေးစားလိုက်နာပြီး ဘေးကင်း၍ သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းပါမည်။**

- ဘေးကင်းပြီး ကျန်းကျန်းမာမာဖြင့် အလုပ်လုပ်ကိုင်နိုင်မည့် သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်သည် လုပ်ငန်းခွင်မတော်တဆမှုများကို တားဆီးပေးသည်သာမက လုပ်ငန်းဆောင်ရွက်မှုများကို တက်ကြွလှုပ်ရှားစေခြင်းနှင့်လည်း ဆက်နွယ်ပါသည်။
- အလုပ်သမားဆိုင်ရာဥပဒေများနှင့် ကုမ္ပဏီတွင်းစည်းမျဉ်းများကို တိကျသေချာစွာ လိုက်နာပြီး ဘေးကင်း၍ သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းပါမည်။
- လုပ်ငန်းခွင်မှ စက်ပစ္စည်းများကို သတ်မှတ်ကာလအလိုက် စစ်ဆေးပြီး လုပ်ငန်းတာဝန်များတွင် လိုအပ်သော လုပ်ငန်းစီမံချက်နှင့် လက်စွဲစာအုပ်များကို သင့်လျော်သောအချိန်၌ ရေးဆွဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ လုပ်ရပါမည်။
- ဥပဒေအရ သတ်မှတ်ထားသော ကျန်းမာရေးစစ်ဆေးမှုကို တိကျသေချာစွာ ခံယူရမည်ဖြစ်ပြီး စိတ်ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာရှိပါက ဆရာဝန်၏ ဆေးစစ်ခြင်းကို ချက်ချင်း ခံယူရပါမည်။
- အလုပ်ဘေးကင်းရေးဆိုင်ရာ ပြဿနာဖြစ်ပွားပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနများသို့ ချက်ချင်း ဆက်သွယ်ပြီး သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် တိုးတက်ကောင်းမွန်စေရန်နှင့် မတော်တဆမှု ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- အလုပ်ချိန်နှင့် အားလပ်ချိန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လျစ်လျူရှုကာ အလုပ်အလွန်အကျွံလုပ်ခြင်းနှင့် အခြားဝန်ထမ်းများကိုပါ အတင်းအကျပ်လုပ်ခိုင်းခြင်းများ မလုပ်ဆောင်ရပါ။
- အထူးအရည်အချင်းများ လိုအပ်သော လုပ်ငန်းတာဝန်များတွင် သက်ဆိုင်ရာအရည်အချင်းများ မရှိသော ဝန်ထမ်းများမှ မဆောင်ရွက်ရပါ။

# 08

ကျွန်ုပ်တို့သည် ဘေးကင်း၍ ကျန်းမာပြီး ဂုဏ်ယူဝံ့ကြွားစွာဖြင့် အလုပ်လုပ်နိုင်မည့် လုပ်ငန်းခွင်တစ်ခုဖန်တီးရန် ကြိုးပမ်းပါမည်။

# ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်ခြင်း

**ကျွန်ုပ်တို့သည် တစ်ဖက်သားကို မတရားစွာ နာကျင်စေသော၊ စိတ်ညှိုးနွမ်းစေသော ထိပါးနှောင့်ယှက်သည့်အပြုအမူမျိုးကို လုံးဝ ပြုလုပ်မည်မဟုတ်ပါ။**

- ထိပါးနှောင့်ယှက်ခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာ သို့မဟုတ် ကိုယ်ရည်ကိုယ်သွေးကို မတရားသဖြင့် ထိခိုက်စေပြီး စိတ်ညှိုးနွမ်းစေသော ခွင့်မလွှတ်နိုင်စရာ အပြုအမူဖြစ်ပါသည်။ ကုမ္ပဏီအတွက်လည်း လုပ်ငန်းခွင်၏အစီအစဉ်ကျနမှုများကို ပျက်ယွင်းစေပြီး လုပ်ငန်းဆောင်ရွက်ရာ၌ အဟန့်အတားဖြစ်စေသည့် ပြဿနာဖြစ်ကာ လူ့အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်မှုများအပေါ်တွင်လည်း မကောင်းသည့်သက်ရောက်မှုများ ရှိစေပါသည်။
- Watakyu Group မှ အမှုဆောင်များနှင့် ဝန်ထမ်းများအားလုံးသည် အတူတကွ အလုပ်လုပ်ကိုင်ကြသော လုပ်ဖော်ကိုင်ဖက်များအတွက် ထည့်သွင်းစဉ်းစားပေးသော စိတ်ဓာတ်ဖြင့် ပြုမူလုပ်ဆောင်ရပါမည်။
- ဖောက်သည်များထံမှ တိုင်ကြားချက်များ သို့မဟုတ် အပြုအမူအပြောအဆိုများသည် မတရားသော၊ ဆိုးယုတ်သော နည်းလမ်းနှင့် အတိုင်းအတာတို့ဖြင့် ဝန်ထမ်းများ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းမှု သို့မဟုတ် လုပ်ငန်းပတ်ဝန်းကျင်တို့ကို ထိခိုက်စေပါက ဖောက်သည်မှ ထိပါးနှောင့်ယှက်ခြင်းအဖြစ် အကျုံးဝင်ပါသည်။
  အဆိုပါ အပြုအမူများအတွက် လိုအပ်ပါက ရဲနှင့် ရှေ့နေများ စသည်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ပြီး တင်းကျပ်စွာ စီမံဆောင်ရွက်ပါမည်။
- လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်သည့်အပြုအမူမျိုး ကြုံတွေ့ရ၊ မြင်တွေ့ရပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာန၊ သတ်မှတ်ထားသော ကောင်တာတို့ဖြင့် ဆွေးနွေးတိုင်ပင်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- တစ်ဖက်သားကို စိတ်မသက်မသာဖြစ်စေသော လိင်ပိုင်းဆိုင်ရာ အပြုအမူအပြောအဆိုများကို လုပ်ဆောင်ခြင်း၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်အပေါ် မကောင်းသည့်သက်ရောက်မှုများ ဖြစ်စေခြင်းကဲ့သို့သော လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းများကို လုံးဝ မလုပ်ဆောင်ရပါ။
- လုပ်ငန်းခွင်အတွင်း သာလွန်မြင့်မားသော အနေအထားကို အကြောင်းပြုပြီး အလုပ်သဘောအရ လိုအပ်သော၊ လိုက်လျောညီထွေရှိသော အတိုင်းအတာကိုကျော်လွန်သည့် အပြုအမူအပြောအဆိုဖြင့် လုပ်ငန်းပတ်ဝန်းကျင်အပေါ် ထိခိုက်စေမည့် အပြုအမူကဲ့သို့သော အာဏာသုံးထိပါးနှောင့်ယှက်ခြင်းမျိုး မလုပ်ဆောင်ရပါ။
- ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ သူနာပြုစောင့်ရှောက်ခြင်းတို့နှင့် သက်ဆိုင်သည့်စနစ်များအသုံးပြုခြင်းကို နှောင့်ယှက်ဟန့်တားသည့် အပြုအမူအပြောအဆိုများ၊ စနစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခပေးခြင်းနှင့် အခြားသော အကျိုးမဲ့စေသည့် ကိုင်တွယ်မှုများကဲ့သို့သော ကိုယ်ဝန်ဆောင်များအား ထိပါးနှောင့်ယှက်ခြင်း၊ ဖခင်ဖြစ်ခြင်းကို ထိပါးနှောင့်ယှက်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းကို ထိပါးနှောင့်ယှက်ခြင်းတို့ မလုပ်ဆောင်ရပါ။

09

ကျွန်ုပ်တို့သည် Stakeholders (သက်ဆိုင်သူများ) အား ကော်ပိုရိတ်လုပ်ငန်းအနေဖြင့် ရှင်းပြရမည့်တာဝန်များကို ကျေပွန်စွာလုပ်ဆောင်ပါမည်။

# သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှု၊ အခွန်တင်သွင်းခြင်းနှင့် သင့်လျော်သော သတင်းအချက်အလက် ထုတ်ဖော်ခြင်း

**ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်သော စာရင်းအင်းစီမံဆောင်ရွက်မှုနှင့် အခွန်တင်သွင်းခြင်းတို့ကို လုပ်ဆောင်ပြီး Stakeholders (သက်ဆိုင်သူများ) ထံသို့ သင့်လျော်သောအချိန်၌ သင့်လျော်သောသတင်းအချက်အလက်များ ထုတ်ဖော်နိုင်ရန် ကြိုးပမ်းပါမည်။**

- ကော်ပိုရိတ်လုပ်ငန်းသည် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သင့်လျော်သည့်အချိန်၌ သင့်လျော်မှန်ကန်စွာ မှတ်တမ်းတင်ပြီး ထုတ်ဖော်ရန် လိုအပ်ပါသည်။
- စာရင်းအင်းလုပ်ငန်းများတွင် စည်းမျဉ်းအသီးသီး၊ ဆက်စပ်ဥပဒေများ၊ အခြားသော အခြေခံအားဖြင့် တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည်ဟု အသိအမှတ်ပြုထားသော စာရင်းကိုင်စံနှုန်းများကို လိုက်နာပါမည်။
- ဝန်ထမ်းများ တစ်ဦးချင်းတစ်ယောက်ချင်းစီသည် ဖြစ်ရပ်မှန်အပေါ် အခြေခံထားသော လှုပ်ရှားမှုများသတင်းပို့ခြင်းနှင့် ကုန်ကျစရိတ်တင်ပြခြင်းတို့ကို သိရှိထားပြီး ကြန့်ကြာမှုမရှိဘဲ လုပ်ဆောင်ရပါမည်။
- အခွန်တင်သွင်းခြင်းကို ဆက်စပ်ဥပဒေများအပေါ်အခြေခံ၍ သင့်လျော်မှန်ကန်စွာနှင့် ဆောလျင်စွာ လုပ်ဆောင်ပါမည်။
- ကုမ္ပဏီတစ်ခုအနေဖြင့် သတင်းအချက်အလက် သို့မဟုတ် ထင်မြင်ယူဆချက်များကို ဖော်ပြသည့်အခါ သင့်တော်သောအချိန်၌ သင့်တင့်လျောက်ပတ်ပြီး တရားမျှတသော၊ တိကျမှန်ကန်သော အကြောင်းအရာများကို သင့်လျော်စွာ အချိန်ကိုက်လုပ်ဆောင်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- အတုအယောင်ဖြစ်သော ကုန်ကျစရိတ်များနှင့် ရောင်းအားများကို စာရင်းသွင်းခြင်းကဲ့သို့သော အတုပြုလုပ်သည့် အပြုအမူမျိုး မလုပ်ရပါ။
- ငွေစာရင်းစီမံဆောင်ရွက်ခြင်း စသည်တို့နှင့်ပတ်သက်ပြီး မသင့်လျော်သော စာရင်းကိုင်စီမံဆောင်ရွက်မှုမျိုး မလုပ်ဆောင်ရပါ။
- လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ခြင်း၊ မကောင်းသည့်စိတ်ဖြင့် ဖျက်ဆီးခြင်းမျိုး လုံးဝ မလုပ်ဆောင်ရပါ။
- အချက်အလက်များရယူရန်အတွက် ကုမ္ပဏီပြင်ပမှ တောင်းဆိုလာသည့်အခါ တစ်ဦးတစ်ယောက်တည်း၏ဆုံးဖြတ်ချက်ဖြင့် တုံ့ပြန်ဆောင်ရွက်ခြင်း မပြုရပါ။ အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနသို့ ချက်ချင်း သတင်းပေးပို့ပါ။

# 10

ကျွန်ုပ်တို့သည် အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုကို လေးစားပြီး သင့်လျော်စွာ ကိုင်တွယ်ပါမည်။

# ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်း

**ကျွန်ုပ်တို့သည် ဖောက်သည်များနှင့် ဝန်ထမ်းများ၏ ကိုယ်ရေးလုံခြုံမှုကို လေးစားပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ ကိုင်တွယ်ပါမည်။**

- ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုသည်မှာ အမည်၊ လိပ်စာ၊ မျက်နှာဓာတ်ပုံကဲ့သို့သော မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိမြင်နိုင်မည့် အချက်အလက်များ(အခြားအချက်အလက်များနှင့် ပေါင်းစပ်လိုက်ပါက မည်သူမည်ဝါဖြစ်ကြောင်း သိသာနိုင်စေမည့်အခါများလည်း အပါအဝင်ဖြစ်) ကို ရည်ညွှန်းပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်းသည် Stakeholders (သက်ဆိုင်သူများ) နှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးကို ထိန်းသိမ်းရန်အတွက် လိုအပ်ပါသည်။
- Watakyu Group သည် ထည့်သွင်းစဉ်းစားပေးရန်လိုအပ်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကိုင်တွယ်ရသောကြောင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ စီမံခန့်ခွဲခြင်းကို လက်တွေ့ကျင့်သုံးခြင်းသည် လုပ်ငန်းလည်ပတ်မှုတွင် အရေးကြီးကိစ္စတစ်ခု ဖြစ်ပါသည်။
- လတ်တလောနှစ်များတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု တိုးတက်လာခဲ့ပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များ၏ ပေါက်ကြားမှုအန္တရာယ် ပိုမိုမြင့်မားလာသည်ကိုလည်း သတိထားရမည်ဖြစ်သည်။
- ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ရယူသည့်အခါ ထိုသို့ရယူရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းတိကျစေပြီး အလုပ်သဘောအရ လိုအပ်သည့်အခါမှသာ ရယူပါမည်။
- ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကိုင်တွယ်ခြင်းကို ပြင်ပသို့အပ်နှံသည့်အခါတွင်လည်း အပ်နှံမည့်နေရာမှ ပေါက်ကြားခြင်းမဖြစ်စေရန် သင့်လျော်စွာ စီမံခန့်ခွဲပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ရယူခဲ့သည့်ရည်ရွယ်ချက်နှင့် သတ်မှတ်ချက်များမှအပ အသုံးမပြုရပါ။
- ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီပြင်ပသို့ ထုတ်ယူမသွားရပါ။
- ခွင့်ပြုချက်မရှိဘဲ မိမိတို့ကုမ္ပဏီမှအပ ပြင်ပအဖွဲ့အစည်းများထံသို့ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မပေးရပါ။

**ထည့်သွင်းစဉ်းစားပေးရန်လိုအပ်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုသည်မှာ**

ရောဂါရာဇဝင်၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ လူနေမှုအဆင့်အတန်း၊ ရာဇဝတ်မှုနောက်ကြောင်း၊ ရာဇဝတ်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့်ဖြစ်ရပ်မှန် အစရှိသဖြင့် မတရားသော ခွဲခြားဆက်ဆံခြင်း၊ အမြင်စောင်းခြင်းနှင့် အခြား အကျိုးမဲ့စေခြင်းများမဖြစ်စေရန် ကိုင်တွယ်ရာ၌ အထူးထည့်သွင်းစဉ်းစားပေးရန်လိုအပ်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ရည်ညွှန်းပါသည်။

11

ကျွန်ုပ်တို့သည် အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုကို လေးစားပြီး သင့်လျော်စွာ ကိုင်တွယ်ပါမည်။

# ဉာဏပစ္စည်းပိုင်ဆိုင်မှု ကာကွယ်ထိန်းသိမ်းခြင်း

**ကျွန်ုပ်တို့သည် Watakyu Group မှ ပိုင်ဆိုင်ထားသော ဉာဏပစ္စည်းပိုင်ဆိုင်မှုကို အရေးကြီးသော ပိုင်ဆိုင်မှုတစ်ခုအဖြစ် သင့်လျော်စွာ ကာကွယ်ထိန်းသိမ်းပါမည်။ ထို့အပြင် အခြားသူများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုကိုလည်း လေးစားပြီး ၎င်းကို ချိုးဖောက်ခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ခြင်း မပြုပါ။**

- ဉာဏပစ္စည်းပိုင်ဆိုင်မှုသည် ကုမ္ပဏီ၏ ယှဉ်ပြိုင်နိုင်စွမ်းအတွက် အရင်းအမြစ်ဖြစ်သောကြောင့် သင့်လျော်စွာ ကာကွယ်ထိန်းသိမ်းပြီး အသုံးချရန်မှာ အရေးကြီးပါသည်။
- ဉာဏပစ္စည်းပိုင်ဆိုင်မှုဥပဒေအရ အကာအကွယ်လိုအပ်သောအခါ ဉာဏပစ္စည်းပိုင်ဆိုင်မှုများကို ရပိုင်ခွင့်အဖြစ်ပြောင်းလဲပြီး စီမံခန့်ခွဲပါမည်။
- အခြားသူများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုများကို ချိုးဖောက်မိပါက ထိခိုက်နစ်နာမှုအတွက် လျော်ကြေးတောင်းခံရနိုင်ပြီး ကုမ္ပဏီအတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်စေနိုင်သည်သာမက ယုံကြည်မှုအပေါ်လည်း ဆိုးရွားစွာ သက်ရောက်စေနိုင်ပါသည်။
- အခြားသူများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုများကို အသုံးပြုသည့်အခါ အလွဲသုံးစားလုပ်ခြင်းမဖြစ်စေရန်အတွက် မူပိုင်ခွင့်ရထားသူထံမှ ခွင့်ပြုချက် ကြိုတင်ရယူရပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- သူတစ်ပါး၏ ဉာဏပစ္စည်းမူပိုင်ခွင့်ကို မချိုးဖောက်ရပါ။
- Watakyu Group မှ ပိုင်ဆိုင်သော ဉာဏပစ္စည်းပိုင်ဆိုင်မှုများကို ခွင့်ပြုချက်မရှိဘဲ ပြင်ပအဖွဲ့အစည်းများထံသို့ ပေးအပ်ခြင်းမပြုရပါ။
- ကုမ္ပဏီ၏ လိုဂို သို့မဟုတ် အမှတ်အသားကို အသုံးပြုပါက ၎င်း၏ ပုံသဏ္ဌာန် သို့မဟုတ် အရောင်ကို မပြောင်းလဲရပါ။

**ဉာဏပစ္စည်းပိုင်ဆိုင်မှုဆိုသည်မှာ**

မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဒီဇိုင်းများ၊ မူပိုင်ခွင့်ရလက်ရာများ၊ လက်တွေ့အသုံးချမော်ဒယ်များ၊ ကုန်သွယ်မှုလျှို့ဝှက်ချက်များကဲ့သို့သော လူတစ်ဦးတစ်ယောက် သို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းတစ်ခုမှ ဉာဏဆိုင်ရာလုပ်ဆောင်ချက်များ၏ ရလဒ်အဖြစ် ဖန်တီးထားသည့် ပိုင်ဆိုင်မှုအနေဖြင့် တန်ဖိုးရှိသော အရာများကို ရည်ညွှန်းပါသည်။

# 12

ကျွန်ုပ်တို့သည် အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုကို လေးစားပြီး သင့်လျော်စွာ ကိုင်တွယ်ပါမည်။

# ကုမ္ပဏီပိုင်ဆိုင်မှုများကို ကိုင်တွယ်ခြင်း

**ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ဆိုင်မှုများမှာ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးပေးသည့် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း သိမြင်ထားပြီး ၎င်းတို့အား သင့်လျော်စွာ အသုံးပြုကာ စီမံခန့်ခွဲမည်ဖြစ်သည်။**

- ကုမ္ပဏီပိုင်ဆိုင်မှုများတွင် ငွေကြေး၊ အိမ်ခြံမြေ၊ စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများစသည့် ဒြပ်ရှိပစ္စည်းပိုင်ဆိုင်မှုများသာမက သတင်းအချက်အလက်၊ အမှတ်တံဆိပ်နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှုကဲ့သို့သော ဒြပ်မဲ့ပစ္စည်းပိုင်ဆိုင်မှုများလည်း ပါဝင်ပါသည်။ ပိုင်ဆိုင်မှုများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းဖြစ်ပါက ကုမ္ပဏီအပေါ်သာမက ဖောက်သည်များနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအပေါ်ပါ ပြင်းထန်သော သက်ရောက်မှုရှိနိုင်ပါသည်။
- သတင်းအချက်အလက်များ ကိုင်တွယ်ရာတွင် IT နည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုကြောင့် လျှို့ဝှက်အချက်အလက်များ ပေါက်ကြားနိုင်သည့် အန္တရာယ်မြင့်တက်နေကြောင်းကို သိမြင်ထားခြင်းဖြင့် အပြည့်အဝ သတိပြုပါမည်။
- ကုမ္ပဏီပိုင်ဆိုင်မှုများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းဖြစ်ပါက သို့မဟုတ် ထိုသို့ဖြစ်ရသည့် ဖြစ်နိုင်ခြေများကို သိမြင်ထားပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနသို့ ချက်ချင်း သတင်းပေးပို့ပါ။
- ဆိုရှယ်မီဒီယာပေါ်တွင် သတင်းအချက်အလက်များတင်သည့်အခါ တင်လိုက်သောသတင်းအချက်အလက်များသည် အတိအကျမရှိသော နေရာများစွာသို့ ပျံ့နှံ့သွားပြီး ၎င်းတို့ကို အပြည့်အဝ ဖျက်ပစ်ရန် ခက်ခဲကြောင်း သိထားပြီးမှ လုပ်ဆောင်ပါ။

## အပြုအမူအတွက် အဓိကအချက်များ

- ကုမ္ပဏီမှထုတ်ပေးထားသော စက်ပစ္စည်းများ (PC များ၊ စမတ်ဖုန်းများ)၊ မိတ္တူစက်များနှင့် ရုံးသုံးပစ္စည်းများကဲ့သို့သော ကုမ္ပဏီပိုင်ဆိုင်မှုများကို ကိုယ်ရေးကိုယ်တာကိစ္စများအတွက် အသုံးမပြုရပါ။
- လုပ်ငန်းခွင်ထဲမှ မိမိတို့၏ရာထူးကို အသုံးချပြီး ပြန်အမ်းငွေအလွဲသုံးစားလုပ်ခြင်းနှင့် ကုန်ပစ္စည်းများကို အလွဲသုံးစားလုပ်ရောင်းချခြင်းစသည်ဖြင့် ကုမ္ပဏီပိုင် ငွေကြေးနှင့်ပစ္စည်းများကို အလွဲသုံးစားမလုပ်ရပါ။
- ကုမ္ပဏီသို့ လိမ်လည်တင်ပြပြီး ကုန်ကျစရိတ်များကို မမှန်မကန်တောင်းခံခြင်း မပြုရပါ။
- လုပ်ငန်းတာဝန်မှတစ်ဆင့် သိရှိလာသော သတင်းအချက်အလက်များကို မမှန်မကန်အသုံးချပြီး မိမိတို့ကိုယ်တိုင်နှင့် ဆွေမျိုးများစသည့် အကျိုးခံစားခွင့်သက်ဆိုင်သူများအား အခွင့်အရေးရအောင်ပေးအပ်ခြင်း မပြုရပါ။

13

ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများနှင့် လုံးဝ ပတ်သက်ဆက်နွယ်မှုလုပ်မည်မဟုတ်ပါ။

# လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများ အပေါ်တုံ့ပြန်ဆောင်ရွက်မှု

**ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် ဘေးကင်းရေးကို ခြိမ်းခြောက်နေသော လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများအပေါ်ပြတ်ပြတ်သားသား တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့နှင့် လုံးဝ ပတ်သက်ဆက်နွယ်မှုလုပ်မည်မဟုတ်ပါ။**

- လူ့အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် ဘေးကင်းရေးကို ခြိမ်းခြောက်နေသော လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများနှင့် ပတ်သက်ဆက်နွယ်မှုကို လုံးဝဖြတ်တောက်ခြင်းသည် လူ့ဘောင်အဖွဲ့ဝင်တစ်ဦးအနေနှင့် လုပ်ဆောင်ရမည့်တာဝန်ဖြစ်ပြီး ကုမ္ပဏီနှင့် ဝန်ထမ်းများကို ကာကွယ်စောင့်ရှောက်ခြင်းလည်း ဖြစ်ပါသည်။
- လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစု ဟုတ်မဟုတ် သံသယရှိပါက သို့မဟုတ် လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများနှင့် ထိတွေ့ဆက်ဆံမိပါက တစ်ဦးတစ်ယောက်တည်းအနေနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းမျိုး လုံးဝမပြုလုပ်ဘဲ အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနသို့ ချက်ချင်း သတင်းပေးပို့ရပါမည်။ ကုမ္ပဏီသည် ဝန်ထမ်းများ၏ ဘေးကင်းရေးကို သေချာစေရန် ရဲတပ်ဖွဲ့၊ ကျွမ်းကျင်ပညာရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ လျင်မြန်သော ဖြေရှင်းမှုဆီသို့ ဦးတည်ပြီး တုံ့ပြန်ဆောင်ရွက်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- လူ့အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် ဘေးကင်းရေးကို ခြိမ်းခြောက်သော လူ့အဖွဲ့အစည်းဆန့်ကျင်ရေးလုပ်ရှားမှုများနှင့် အင်အားစုများဖြင့် လုံးဝ ပတ်သက်ဆက်နွယ်မှုမလုပ်ရပါ။
- လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများထံမှ မတရားသော တောင်းဆိုမှုများကို လက်ခံရရှိပါက ငွေကြေးစသည့်နည်းလမ်းများဖြင့် အလွယ်တကူ လိုက်လျောမပေးသင့်ပါ။
- စီးပွားရေးပြုလုပ်ရာ၌ တစ်ဖက်လူသည် လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုဟုတ်မဟုတ် အစဉ်အမြဲ သတိပြုခြင်းနှင့်အတူ ကုမ္ပဏီမှသတ်မှတ်ထားသော ကြိုတင်ဆောင်ရွက်ရမည့်စစ်တမ်းများကို မပျက်မကွက်လုပ်ဆောင်ကာ လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုဟုတ်မဟုတ် အတည်ပြုစစ်ဆေးရပါမည်။

**လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစု ဆိုသည်မှာ**

အကြမ်းဖက်အဖွဲ့အစည်းများ၊ ငွေညှစ်အဖွဲ့အစည်းများ၊ ဟန်ပြကော်ပိုရိတ်လုပ်ငန်းများ၊ ဟန်ပြကုမ္ပဏီများစသည်ဖြင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်သော လုပ်ငန်းများ၊ လူမှုရေးလှုပ်ရှားမှုများအယောင်ပြ၍ လိမ်လည်သူ၊ နိုင်ငံရေးလှုပ်ရှားမှုများအယောင်ပြ၍ လိမ်လည်သူ၊ တရားမဝင်သတင်းသမား (Black Journalism)၊ မတရားသော တောင်းဆိုမှုများပြုလုပ်သူ၊ လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများနှင့် စီးပွားရေးလုပ်ဆောင်ခြင်း၊ လူ့အဖွဲ့အစည်းဆန့်ကျင်ရေးအင်အားစုများထံသို့ အကျိုးအမြတ်များပေးအပ်ခြင်း ပြုလုပ်လျက်ရှိသော ကုမ္ပဏီများ အကျုံးဝင်ပါသည်။

**14** ကျွန်ုပ်တို့သည် လူသားအားလုံး၏ လူ့အခွင့်အရေးကို လေးစားပါသည်။

# လူ့အခွင့်အရေးကို လေးစားခြင်း

**ကျွန်ုပ်တို့သည် လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစားပါသည်။**

- လူသားအားလုံး၏ အခြေခံလူ့အခွင့်အရေးကို လေးစားပြီး လေးစားသမှုဖြင့် ချဉ်းကပ်ခြင်းနှင့်အတူ မတူညီသော အတွေ့အကြုံရှိသည့်သူများထံမှ အယူအဆနှင့် တန်ဖိုးထားမှုအမြင်များကို လက်ခံသွားပါမည်။
- လုပ်ငန်းဆောင်ရွက်မှုများသည် Stakeholders (သက်ဆိုင်သူများ) အားလုံး၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း သိမြင်ထားပြီး မည်သည့်နည်းနှင့်မျှ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ မပါဝင်မိစေရန် သတိပြုပါမည်။
- လူ့အခွင့်အရေးချိုးဖောက်သည်ဟု ယူဆရသည့် အပြုအမူများကို သိရှိလာပါက အထက်လူကြီး သို့မဟုတ် သက်ဆိုင်ရာဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ လုပ်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- လိင်ပိုင်းဆိုင်ရာ အပြုအမူအပြောအဆိုနှင့် လုပ်ငန်းခွင်အခွင့်အာဏာကို အလွဲသုံးစားပြုသည့် အပြုအမူအပြောအဆို အစရှိသည့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ အာဏာသုံးထိပါးနှောင့်ယှက်မှုတို့အပါအဝင် ထိပါးနှောင့်ယှက်မှုဖြစ်စေသည့် မည်သည့်အပြုအမူမျိုးကိုမျှ မလုပ်ဆောင်ရပါ။
- စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများအားလုံး၌ ကလေးလုပ်သားနှင့် အတင်းအကြပ်အလုပ်ခိုင်းစေခြင်းစသည့် လူမဆန်သည့် အလုပ်ခိုင်းစေခြင်းများတွင် မပါဝင်ရပါ။
- လူမျိုး၊ နိုင်ငံသား၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ အသက်၊ လိင်စိတ်တိမ်းညွတ်မှုနှင့် မိမိကိုယ်ကိုယ်လိင်အမျိုးအစားသတ်မှတ်မှု၊ မသန်စွမ်းမှု ရှိမရှိ၊ အလုပ်အကိုင်အခြေအနေ စသည်တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမပြုရပါ။

# 15

ကျွန်ုပ်တို့သည် ကောင်းမွန်ခိုင်မာသော လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသနှင့် လူ့အဖွဲ့အစည်းတို့ ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုသွားမည်ဖြစ်ပါသည်။

# လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခြင်း

**ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် ဒေသတွင်းလူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။**

- Watakyu Group သည် ကော်ပိုရိတ်နိုင်ငံသားတစ်ဦးအနေဖြင့် လုပ်ငန်းများကို ချဲ့ထွင်နေသော ဒေသမှ အစပြုပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုသွားရန် တာဝန်ရှိပါသည်။ ဆေးဝါးစောင့်ရှောက်မှု၊ သူနာပြုစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးတို့ကို ပံ့ပိုးပေးသည့် ကော်ပိုရိတ်လုပ်ငန်းစုအနေဖြင့် ဒေသတွင်းလူ့အဖွဲ့အစည်း၏ ကျန်းမာရေးကို ပံ့ပိုးပေးကာ လူမှုဘဝတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။
- လုပ်ငန်းစုအတွင်းရှိ ကုမ္ပဏီအသီးသီး၏ လုပ်ငန်းများမှတစ်ဆင့် လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းပြီး ဒေသတွင်းလူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဆိုပါပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ပါမည်။
- ဒေသတွင်းလူ့အဖွဲ့အစည်းများအပေါ် "ကျေးဇူးတင်သည့်စိတ်" နှင့် "နှိမ့်ချသည့်သဘောထား" တို့ဖြင့် အပြန်အလှန်စကားပြောဆိုခြင်း၊ ဆွေးနွေးဖလှယ်ခြင်းတို့လုပ်ဆောင်ပြီး ဒေသတွင်းပွဲတော်စသည်တို့၌လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားပါမည်။
- ဒေသတွင်းယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်အတူ ပညာရေးအရည်အသွေး မြှင့်တင်ရန်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အလုပ်အကိုင်နှင့် ဝင်ငွေများ ဖန်တီးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုသွားမည်ဖြစ်ပါသည်။
- ဝန်ထမ်းများလူ့အဖွဲ့အစည်းအပေါ် အကျိုးပြုသည့်လှုပ်ရှားမှုများ၌ တစ်ဦးချင်းတစ်ယောက်ချင်းစီမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- ကုမ္ပဏီနှင့် ကျွန်ုပ်တို့ကိုယ်တိုင်၏ အကျိုးအမြတ်ကိုသာ ဦးစားပေးပြီး လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုသည့် လှုပ်ရှားမှုများကို လျစ်လျူရှုခြင်းမပြုရပါ။
- Watakyu Group ၏ လုပ်ငန်းဆောင်ရွက်မှုများသည် လူ့အဖွဲ့အစည်းဆိုင်ရာ အခြေခံအဆောက်အအုံတွင် တစ်စိတ်တစ်ဒေသပါဝင်ကြောင်းကို မေ့ထား၍မရပါ။

# 16

ကျွန်ုပ်တို့သည် အရင်းအမြစ်များ ပြန်လည်အသုံးပြုခြင်းဆိုင်ရာ လူ့အဖွဲ့အစည်းနှင့် လိုက်ဖက်သော လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တုံ့ပြန်ဆောင်ရွက်ပြီး အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုရန် ကြိုးပမ်းပါမည်။

# ပတ်ဝန်းကျင်အပေါ် တုံ့ပြန်ဆောင်ရွက်မှု

**ကျွန်ုပ်တို့သည် ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ဒေသတွင်းပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားကာ လုပ်ငန်းများကို မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်သွားပါမည်။**

- ပတ်ဝန်းကျင်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ချန်လှန်ထား၍မရသော အရာဖြစ်ပါသည်။ Stakeholders (သက်ဆိုင်သူများ) နှင့် ပူးပေါင်းဆောင်ရွက်ပြီး ပတ်ဝန်းကျင်အပေါ် အစဉ်အမြဲ ထည့်သွင်းစဉ်းစားသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် အရေးကြီးပါသည်။
- လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ဥပဒေများအတိုင်းလိုက်နာဆောင်ရွက်ပြီး ဆီလျော်မှုရှိသည့် စွမ်းအင်သုံးစွဲမှုဖြစ်စေရန်၊ ပတ်ဝန်းကျင်အပေါ် ဝန်ဖြစ်စေမည့်ကိစ္စများကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းလူ့အဖွဲ့အစည်းအပေါ် အကျိုးပြုသွားမည်ဖြစ်ပါသည်။
- ပတ်ဝန်းကျင်အပေါ် လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုကို ခန့်မှန်းတွက်ချက်ခြင်း၊ အကဲဖြတ်ခြင်းတို့ လုပ်ဆောင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် ကြံဆပါမည်။
- လုပ်ငန်းဆောင်ရွက်မှုများအတွင်း ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို သင့်လျော်စွာ စီမံဆောင်ရွက်ပြီး ညစ်ညမ်းမှုမှ ကာကွယ်ရန် ကြိုးပမ်းပါမည်။
- ဒေသတွင်းလူ့အဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့် ပြင်းထန်သော ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကာကွယ်ရန် အစီအမံများကို စေ့စပ်သေချာစွာ လုပ်ဆောင်သွားမည်ဖြစ်ကာ ဘေးအန္တရာယ်ဖြစ်ပွားပါက ပြန့်ပွားခြင်းမှ ကာကွယ်ရန်၊ သတင်းအချက်အလက် ထုတ်ဖော်ရန်၊ အကြောင်းအရင်းကို ရှာဖွေဖော်ထုတ်ရန်နှင့် ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန် အစီအမံများအတွက် မဆိုင်းမတွ ကြိုးပမ်းဆောင်ရွက်ပါမည်။
- အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်း၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုးသက်ရောက်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအပါအဝင် ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းခြင်းတို့ကိုလည်း အာရုံစိုက်ပါမည်။

## အပြုအမူအတွက် အဓိကအချက်များ

- သတ်မှတ်ထားသော ဒြပ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့် ရေဆိုးစွန့်ထုတ်ခြင်း၊ စွန့်ပစ်ပစ္စည်းစီမံဆောင်ရွက်ခြင်း စသည်တို့နှင့် ပတ်သက်၍ ဆက်စပ်ဥပဒေများဖြင့် သတ်မှတ်ထားသည့် စံနှုန်းများကို ချိုးဖောက်ခြင်း မပြုရပါ။
- ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ဥပဒေများကို အခြေခံသည့် လိုအပ်သော တင်ပြမှုများကို လုပ်ဆောင်ပြီး အကောင်အထည်ဖော်ဆောင်မှုအခြေအနေနှင့်စပ်လျဉ်း၍ လိမ်လည်ပြီး သတင်းပေးပို့ခြင်းကို မလုပ်ဆောင်ရပါ။

ဆက်စပ်သည့် အကိုးအကားများ

Watakyu Group ၏ SDGs https://www.watakyu.jp/materiality/

**Watakyu Group လိုက်နာကျင့်သုံးမှုဆိုင်ရာလက်စွဲစာအုပ်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန်**

Watakyu Holdings Co., Ltd.
လိုက်နာကျင့်သုံးမှုဆိုင်ရာအထွေထွေရုံးခန်း
wh-compliance@watakyu.co.jp

2025 ခုနှစ် ဇွန်လ ထုတ်ဝေမှု